ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး**

(၂၉) ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက်**

**( ၂၀၁၆ ခုနှစ်၊ မေလ ၂၅ ရက် )**

**[ဗုဒ္ဓဟူးနေ့]**

**အချိန်၊ ၁၀:၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ အဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀:၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန် အစည်းအဝေးရဲ့ (၂၉)ရက်မြောက် နေ့အစီအစဉ် စတင်ပါတော့မယ် ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀:၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၂၉) ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၁)ဦး ရှိပြီး ဒီကနေ့ အစည်းအဝေးကို (၂၀၁)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ရဲ့ (၉၀.၉၅)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးရဲ့ (၂၉)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီအစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ**။ ။အစီအစဉ်(၄)ဖြစ်ပါတယ်။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ် တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၂။**

**ဦးမင်းဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့ ၂၅-၅-၂၀၁၆ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်

နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရဲ့ကိုယ်စား ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ် အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီ အတွင်းရေးမှူးဖြစ်သူ ကျွန်တော် ဦးမင်းဦး က ပန်ကြားသွားမှာဖြစ်ပါတယ်။ ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဦးကြည်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။ ဗိုလ်မှူးချုပ်ကျော်ကျော်စိုး၊ တပ်မတော်သား ကိုယ်စားလှယ်။ ဗိုလ်မှူးချုပ်သက်ထွန်းအောင်၊ တပ်မတော်သားကိုယ်စားလှယ်။ ဒေါ်မေသန်းနွဲ့၊ ဧရာဝတီ တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)။ ဦးနောင်နဂျာတန်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)။ ဒေါ်ရွှေရွှေစိန်လတ်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။ ဒေါ်နော်လှလှစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)နှင့် ဦးဂျေယောဂူ၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)တို့ ဖြစ်ကြပါတယ်။ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၂)ဦးရှိပြီး၊ ယနေ့ ခွင့်ပန်ကြားသူ(၈)ဦး ရှိတဲ့အတွက် စုစုပေါင်း ခွင့်ပန်ကြားသူ(၂၀)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့် ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၈)ဦးအား ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်းကြေညာ ပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန် အစည်းအဝေး (၂၉)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၂၁)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၂)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၈)ဦး ဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၂၀)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ် မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်းအစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**မြောက်ဦးမြို့နယ်၊ လက်ပံတောကျေးရွာ ကြိုးတံတားပြုလုပ်ရန် လိုအပ်ငွေကျပ်သန်း(၅၀)ကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ထည့်သွင်းပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ ယခု ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးကျော်ကျော် က မြောက်ဦးမြို့နယ်၊ လက်ပံတောကျေးရွာ ကြိုးတံတားပြုလုပ်ရန် လိုအပ်ငွေကျပ် သန်း(၅၀)ကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ထည့်သွင်းပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၅။**

**ဦးကျော်ကျော်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျော်ကျော် ဖြစ်ပါတယ်။ ကျွန်တော်မေးထားတဲ့ မေးခွန်း ကတော့ မြောက်ဦးမြို့နယ်၊ လက်ပံတောကျေးရွာ ကြိုးတံတား ပြုလုပ်ရန် ၂၀၁၅-၂၀၁၆ ဘဏ္ဍာငွေ တွင် ခွင့်ပြုခဲ့သည့် ငွေကျပ်သန်း(၅၀)ကို ကတိကဝတ်စာရင်းမှ ပယ်ဖျက်ထားရာ အဆိုပါ ကတိကဝတ် ပြုခဲ့သော ခွင့်ပြုငွေကို ၂၀၁၆-၂၀၁၇ ခုနှစ် ဘဏ္ဍာငွေတွင် ပြန်လည်ထည့်သွင်းပေးရန် အစီအစဉ် ရှိ/မရှိ ဖြစ်ပါတယ်။ မေးခွန်းနဲ့ စပ်လျဉ်းပြီးတော့ အကျိုး အကြောင်း ကျွန်တော်ဆက်လက်ပြီးတော့ တင်ပြဆွေးနွေးပါမယ်။

မြောက်ဦးမြို့နယ်၊ လက်ပံတောကျေးရွာမှာ ရွာချင်းဆက် ကြိုးတံတားတစ်ခုကို ဒေသခံ ရွာများရဲ့ ထည့်ဝင်ငွေနဲ့ တည်ဆောက်ခဲ့ကြပါတယ်။ ချောင်းရဲ့ ဟိုဘက် ဒီဘက် အုတ်ခုံများတည်ဆောက်ပြီးတဲ့အခါ ကျန်လုပ်ငန်းရပ်တွေကို ဆက်လုပ်ဖို့ မတတ်နိုင်ကြတော့ပါဘူး။ ဒီတံတားဟာ ကျေးရွာအုပ်စု(၁၄)အုပ်စု၊ ကျေးရွာပေါင်း(၃၄)ရွာတို့ရဲ့ လူဦးရေစုစုပေါင်း(၂၃၀၀၀)ကျော် ဖြတ်သန်းသွားလာအသုံးပြုကြရမယ့် တံတားဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်က လွှတ်တော်မှာ မေးခွန်းမေးပြီး တင်ပြတောင်းဆိုခဲ့ပါတယ်။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ပြည်ထောင်စု

ဒုတိယဝန်ကြီးက ၂၀၁၅-၂၀၁၆ ဘဏ္ဍာငွေမှ ကျပ်သန်း(၅၀) ခွင့်ပြုငွေဖြင့် ဆက်လက်တည်ဆောက်ပေးသွားမယ်လို့ ကတိပေးဖြေကြားခဲ့ပါတယ်။ သို့သော် အဆိုပါကတိပေးဖြေကြားခဲ့မှုကို ကတိကဝတ်စာရင်းမှ အစိုးရက ပယ်ဖျက်ထားကြောင်းကို အမျိုးသားလွှတ်တော် ကတိကဝတ်ကော်မတီမှ တစ်ဆင့်ကျွန်တော့်ထံ အသိပေးအကြောင်းကြားခဲ့ပါတယ်။

အဲဒီ ၂၀၁၅-၂၀၁၆ ဘဏ္ဍာငွေမှ ကျခံသုံးစွဲဖို့ ကတိဖျက်ခဲ့တာတော့ ဟုတ်ပါပြီ။ ဒါဆိုရင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာငွေမှာ ဆက်လက်ပြီးတော့ ကျခံသုံးစွဲသွားသင့်တယ်လို့ ကျွန်တော်ကတော့ အဲဒီလိုပဲ နားလည်သဘောပေါက်ပါတယ်။ ဒီတံတားဖြစ်မြောက်ရေးကို ဦးဆောင်နေကြတဲ့သူတွေကို ကျွန်တော်က အစိုးရရဲ့ ကတိစာရင်းမှ ပယ်ဖျက်ထားကြောင်း ရှင်းပြခဲ့ရာ သူတို့က ဒါဆိုရင် ဆရာရယ် ဒီတံတားကို ဒီအတိုင်းပဲ ထားခဲ့တော့မှာလားဆို၍ ရိုးရိုးသားသားနဲ့ ပြန်မေးကြပါတယ်။ ဒါတော့ ကျွန်တော်လည်း သေချာ မပြောတတ်ဘူး။ လွှတ်တော်မှာ ထပ်ပြီးမေးကြည့်ရပါဦးမယ်လို့ ပြန်ဖြေခဲ့ပါတယ်။ ဒါကြောင့်မို့လို့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှာ ကတိစာရင်းမှ ပယ်ဖျက်ထားတာကို--------- (ဩဘာသံများ)

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ ပတ်သက်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၀၉။**

**ဦးဝင်းခိုင်(ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များနှင့် အထူးဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်းနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရခိုင်ပြည်နယ် အမှတ်(၄)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော် မှ ရခိုင်ပြည်နယ် အစိုးရအဖွဲ့သို့ မေးမြန်းထားတဲ့ မြောက်ဦးမြို့နယ်၊ လက်ပံတောကျေးရွာ ကြိုးတံတားပြုလုပ်ရန် လိုအပ်ငွေကျပ် သန်း (၅၀)ကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ထည့်သွင်းထားရန် အစီအစဉ်ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းအား ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ ပေးပို့လာတဲ့ ရှင်းလင်းဖြေကြားချက်ကို ပြည်နယ်အစိုးရအဖွဲ့ ကိုယ်စား ဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ဖြေကြားချက်တွင်ဖော်ပြထားချက်များအရ ရခိုင်ပြည်နယ်၊ မြောက်ဦးခရိုင်၊ မြောက်ဦးမြို့နယ်ရှိ လက်ပံတောကျေးရွာဟာ မြောက်ဦးမြို့ရဲ့ တောင်ဘက်မှာတည်ရှိပြီး မြောက်ဦးမြို့မှ ကုန်းလမ်းအားဖြင့် (၁၀)မိုင်ခန့် ကွာဝေးပါတယ်။ လက်ပံတောကျေးရွာဟာ ပီပင်ရင်း-နန်းတက်ကျောက်ချောလမ်းရဲ့ လမ်းသွယ်မှ ဖြတ်သန်းသွားရတဲ့ ကျေးရွာတစ်ရွာလည်း ဖြစ်ပါတယ်။ အဲဒီလမ်းသွယ်ဟာ လက်ရှိအချိန်မှာ မြေသားလမ်းဖြစ်ပြီးတော့ မေးမြန်းတဲ့ ကြိုးတံတားနေရာကို ရောက်ဖို့ ပေ(၅၀၀)ခန့် ကွာဝေးပါတယ်။ လက်ပံတောကြိုး

တံတား ဟာ လက်ရှိအချိန်မှာ အုတ်စီကမ်းကပ်ခုံ(၂)ခုကို ဆောင်ရွက်ထားရှိပြီး ကြမ်းခင်းနှင့် လက်ရမ်းများကို သစ်၊ ဝါးတို့ဖြင့် ပြုလုပ်ထားရာ အရှည်ပေ(၁၄၀)နဲ့ အကျယ်(၈)ပေခန့်ရှိပါတယ်။

လက်ပံတောကျေးရွာ၊ ခြောက်ဆယ်ဝင်ကျေးရွာနဲ့ အထုပ်သည်မကျေးရွာတို့ဟာ ၎င်းတံတားကို အသုံးပြုလျက်ရှိပြီး အိမ်ခြေ(၂၆၇)အိမ်နဲ့ လူဦးရေ(၁၃၃၇)ဦးတို့ကို အကျိုးပြုနိုင်မယ့် တံတားလည်း ဖြစ်ပါတယ်။ လက်ပံတောကျေးရွာ ကြိုးတံတားကို အရှည်ပေ(၁၄၀)၊ အကျယ်(၁၀)ပေ၊ (၃)လက်မရှိ သံမဏိသံပေါင် ကြိုးတံတားအဖြစ် ပြန်လည် ပြုပြင်ပါက ခန့်မှန်းတန်ဖိုးကျပ်သန်း(၅၀) ကုန်ကျမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လက်ပံတောကျေးရွာ ကြိုးတံတားဟာ ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်းပေါ်ရှိတံတား မဟုတ်ဘဲ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနပိုင် လမ်းပေါ်ရှိ တံတား ဖြစ်ပါတယ်။ ဒါကြောင့် မြောက်ဦးမြို့နယ်၊ လက်ပံတောကျေးရွာ ကြိုးတံတားပြုပြင်ရန် လိုအပ်သော ခန့်မှန်းတန်ဖိုးကျပ်သန်း(၅၀)ကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စု ရန်ပုံငွေနဲ့ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေ ရေးဆွဲရာတွင် လျာထားပါဝင်မှု မရှိခဲ့ပါ။

သို့ဖြစ်ပါ၍ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ သက်ဆိုင်ရာဝန်ကြီးဌာန သို့မဟုတ် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ဖြည့်စွက်ရန်ပုံငွေတွင် ထည့်သွင်းတောင်းခံလျက် ရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် က ဆွေးနွေးခြင်း

**အချိန်၊ ၁၀း၁၃။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၃)မှ ဦးခင်မောင်လတ် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၃။**

**ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၃)**။ ။ လေးစားရတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို မင်္ဂလာပါလို့ နှုတ်ဆက်ရင်းဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၃)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်လတ် ဖြစ်ပါတယ်။ ကျွန်တော် ဆွေးနွေးမှာက ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းဖြစ်ပါတယ်။ ဒီဥပဒေကြမ်းမှာ ပုဒ်မတစ်ခုပဲပါရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power point ဖြင့် တင်ပြခွင့်ပြုပါခင်ဗျား။ ပုဒ်မ ၈၉(ဃ)ဖြစ်ပါတယ်။ ဒီဥပဒေကြမ်းမှာတစ်ခါ လွှတ်တော်ပထမနှစ်ကိုပဲ အဓိကထားပြီးတော့ ဆွေးနွေးသွားမှာဖြစ်ပါတယ်။

ဒီဥပဒေကြမ်းမှာ အနှစ်ချုပ်က လွှတ်တော်ဥက္ကဋ္ဌက ကော်မရှင်သို့ အကြောင်းကြားသည့်နေ့မှစ၍ လွှတ်တော် ပုံမှန်သက်တမ်း၏ ပထမနှစ်အတွက် တစ်နှစ်အတွင်းတွင် အစားထိုးရွေးကောက် တင်မြှောက်ခွင့်ဖြစ်ရမယ်ဆိုတဲ့ အပိုဒ်ဖြစ်ပါတယ်။ ဒီတော့ လွှတ်တော်သက်တမ်းပထမ (၆)လမှာတော့ ပြဿနာ မရှိဘူး။ နောက်ပိုင်း(၆)လမှာတော့ ပြဿနာ နည်းနည်းရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ပထမနှစ်သက်တမ်းဟာ ၂၀၁၆ ဖေဖော်ဝါရီကစပြီး၊ ၂၀၁၇ ဇန်နဝါရီလမှာ ဆုံးပါတယ်။ တကယ်လို့ ဒီဇင်ဘာလမှာ လွှတ်တော်ကိုယ်စားလှယ်တစ်နေရာ လစ်လပ်ပြီး လွှတ်တော်ဥက္ကဋ္ဌကြီးက ကော်မရှင်ကို အကြောင်းကြားပြီဆိုပါတော့ ကော်မရှင်က ဒီဥပဒေမှာ ပါတဲ့အတိုင်း တစ်နှစ်အတွင်းမှာ ရွေးကောက်ပွဲတင်မြှောက်ရမယ်ဆိုတဲ့အတွက် ရွေးကောက်ပွဲပြီးဖို့ အချိန် အကျပ်အတည်း ရှိနေပါတယ်။ မဲဆွယ်စည်းရုံးတဲ့ကာလက (၂)လနဲ့ ကိုယ်စားလှယ်လောင်း မှတ်ပုံတင်ဖို့ အချိန်(၂)ပတ်အနည်းဆုံးလိုတဲ့အတွက် ကော်မရှင်အနေနဲ့ အခက်အခဲရှိနေပါတယ်လို့ အကြံပြုဆွေးနွေးရင်း နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်လတ်ရဲ့ ဆွေးနွေးချက်နဲ့ ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် က ဆွေးနွေးခြင်း**

**အချိန်၊ ၁၀း၁၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇)ဖြစ်ပါတယ်။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ ဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် အမည်စာရင်းတင်သွင်းထားတဲ့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်လတ် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၆။**

**ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် များကို မင်္ဂလာပါလို့ နှုတ်ဆက်ရင်း ဂါရဝပြုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ဆွေးနွေးမှာက အမျိုးသားလွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းဖြစ်ပါတယ်။ ပုဒ်မ ၈၉(က)ဖြစ်ပါတယ်။ Power point ဖြင့် တင်ပြခွင့်ပြုပါခင်ဗျား။ ဒီပုဒ်မက ခုနကဆွေးနွေးသွားတဲ့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်း နဲ့လည်းတူပါတယ်။ ဒါပေမဲ့ နောက် ရှုထောင့်တစ်ခုက ဒီအမျိုးသား လွှတ်တော်ဥပဒေကြမ်းကို ဆွေးနွေးချင်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးက ကော်မရှင်ကို အကြောင်းကြားတဲ့ အချိန်ကစပြီး ပထမနှစ် လွှတ်တော်သက်တမ်းမှာ ကော်မရှင်အလုပ်လုပ်ဖို့အချိန်ကို တစ်နှစ်ပေးထားပါတယ်။ အချိန်တစ်နှစ်

ဆိုတာဟာ ပထမနှစ်လွှတ်တော်သက်တမ်း (၁၂)လစလုံးမှာ လိုအပ်မှုမရှိပါဘူး။ အစောပိုင်း ပထမလ (၆)လမှသာလျှင် ကော်မရှင်ဟာ ကိစ္စအဝဝမျိုးစုံရှိနေတဲ့အတွက် အလုပ်ရှုပ်နေမှာဖြစ်တဲ့အတွက် အချိန်ပေးအပ်ဖို့ လိုအပ်ပါတယ်။ သို့သော်လည်း လွှတ်တော် ပထမနှစ်ရဲ့ နောက်ပိုင်း(၆)လမှာ တကယ်လို့ အကြောင်းကြားမှု ပေါ်ပေါက်ခဲ့ရင် နောက်ထပ် (၁)နှစ် အချိန်ပေးရမှာ ဖြစ်ပါတယ်။ သို့သော်လည်း အမှန်တကယ်က အဲဒီ(၁)နှစ် အချိန်ပေးဖို့ဆိုတာ များလွန်းပါတယ်။ အဲဒီလောက် မလိုပါဘူး။ အချိန်(၆)လပေးရင် လုံလောက်ပါတယ်။ ဘာလို့လဲဆိုလို့ရှိရင် သူ့ရှေ့က (၆)လလည်း ရှိပြီးသား ဖြစ်လို့ ကော်မရှင်က အလုပ်လုပ်ဖို့ ရှေ့မှာ (၆)လ နောက်မှာ (၆)လဆိုပြီး စုစုပေါင်း အချိန်(၁)နှစ် ရရှိ သွားမှာ ဖြစ်ပါတယ်။

နောက်တစ်ခုက တကယ်လို့ ပထမသက်တမ်း ဩဂုတ်လမှာ လစ်လပ်လို့ လွှတ်တော်ဥက္ကဋ္ဌ က ကော်မရှင်ကို အကြောင်းကြားလျှင် ကော်မရှင်အလုပ်လုပ်ဖို့အတွက်အချိန် (၁)နှစ်ရမှာ ဖြစ်ပါတယ်။ အဲဒီအချိန်(၁)နှစ်ဟာ နောက်(၁)နှစ် ဇူလိုင်လမှာ ဆုံးမှာဖြစ်ပါတယ်။ အဲဒီလိုပဲ ပထမနှစ် ဒီဇင်ဘာတို့၊ ဇန်နဝါရီတို့မှာ အဲဒီလစ်လပ်မှု ဖြစ်ပေါ်ခဲ့ရင် ရွေးကောက်ပွဲပြုလုပ်မယ့် အချိန်ကာလ ရွေးကောက်ပွဲ ကော်မရှင်က လုပ်ပိုင်ခွင့်ဟာ ဘယ်လောက်အထိသွားသလဲဆိုရင် နောက်(၁)နှစ် ဒီဇင်ဘာ၊ ဇန်နဝါရီ အထိ သွားမှာဖြစ်ပါတယ်။ အဲဒါကြောင့် ဒုတိယနှစ်(၁)နှစ်လုံးမှာ ရွေးကောက်ပွဲ မလုပ်ဘဲရှိနေပြီး ကော်မရှင်ဟာ အလုပ်မလုပ်တဲ့အတွက် လစ်ဟာမှုရှိနေတဲ့အတွက် နည်းနည်း အခက်အခဲရှိနေမယ်လို့ ကျွန်တော်ဆွေးနွေးလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၉။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်လတ်ရဲ့ ဆွေးနွေးချက်နဲ့ ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။

## တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်က ဆွေးနွေးခြင်း

**အချိန်၊ ၁၀း၁၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈)ဖြစ်ပါတယ်။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း နှင့်စပ်လျဉ်း၍ ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်လတ် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၉။**

**ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၃)။** ။ အားလုံး မင်္ဂလာပါခင်ဗျား။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီဥပဒေကြမ်းမှာ လွှတ်တော် ပထမနှစ် အတွက်ပါ ပါတယ်။ ဒုတိယ၊ တတိယ၊ စတုတ္ထနှစ်တွေအတွက်လည်း ပါ ပါတယ်။ ဒါပေမဲ့နောက်ဆုံး နှစ်ဖြစ်တဲ့ ပဉ္စမနှစ်အတွက် ဘာလုပ်မယ်ဆိုတာ ပြဋ္ဌာန်းမထားပါဘူး။ ဒီတော့ ရွေးကောက်ပွဲကို လုပ်လို့

လည်းရတယ်။ မလုပ်လို့လည်းရတဲ့သဘောပါပဲ။ ဥပဒေတစ်ခုမှာ ဒီလိုလွှတ်ထားလို့ မသင့်တော်ပါဘူး။ ကျွန်တော်တို့ကို ဖြန့်ဝေထားတဲ့ ဥပဒေကြမ်းတစ်ခုမှာ ပဥ္စမနှစ်မှာ လုံးဝမကျင်းပတော့ဘူးလို့ ပြတ်ပြတ်သားသား ပါရှိတာကိုလည်း တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နောက်ဆုံးနှစ်ဆိုတာကလည်း အရေးကြီးပါတယ်။ ပြီးခဲ့တဲ့ လွှတ်တော်တွေမှာဆိုရင် နောက်ဆုံးနှစ်တွေမှာ အရေးကြီးတဲ့ဆုံးဖြတ်ချက်တွေ ရှိခဲ့ပါတယ်။ အထူးသဖြင့် တိုင်းဒေသကြီးနဲ့ ပြည်နယ်လွှတ်တော်တွေမှာ ကိုယ်စားလှယ်နည်းနည်းပဲ ရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ် တစ်ဦးလျော့လို့၊ တစ်ဦးပိုလို့ အခြေအနေ အဆုံးအဖြတ်ပေးနိုင်တာ၊ အပြောင်းအလဲတွေ ဖြစ်သွားနိုင် ပါတယ်။ တစ်ချိန်ချိန်မှာ ကျွန်တော်တို့ တိုင်းဒေသကြီးနဲ့ ပြည်နယ်လွှတ်တော်တွေဟာ အခုထက်ပိုပြီး တော့ အာဏာရှိလာပါမယ်။ အဲဒီတစ်ချိန်ချိန်မှာ အာဏာရှိတဲ့ ပါတီကြီးတစ်ခုခုကလွဲရင် ရွေးကောက်ပွဲလည်း လုပ်လို့ရတယ်။ မလုပ်ဘူးဆိုရင် မလုပ်ဘူးဆိုပြီးတော့ အချိန်ဆွဲပြီးတော့ ကစားသွားနိုင်တဲ့ အတွက် ဒီပဥ္စမနှစ်ဥပဒေကို ဒီအတိုင်းမထားသင့်ဘူးလို့ မြင်ပါတယ်။ မလုပ်ရင်လည်း မလုပ်ဘူး ပြတ်ပြတ်သားသား ရေးသားသင့်ပါတယ်။ သို့မဟုတ်လည်း ပဥ္စမနှစ် လွှတ်တော်သက်တမ်းရဲ့ ပထမ သုံးလပိုင်းမှာ ရွေးကောက်ပွဲလုပ်သင့်တယ် ဆိုပြီးတော့ ဥပဒေပြဋ္ဌာန်းဖို့ လိုအပ်တယ်လို့ ဆွေးနွေးရင်း ကျွန်တော် နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်လတ်ရဲ့ ဆွေးနွေးချက်နဲ့ ပတ်သက်ပြီး အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က ရန်ကုန်မြို့တော် စည်ပင်သာယာရေး ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်း**

**အချိန်၊ ၁၀း၂၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၉)ဖြစ်ပါတယ်။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြားရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၂။**

**ဗိုလ်မှူးချုပ် ခင်မောင်အေး (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဗိုလ်မှူးချုပ် ခင်မောင်အေး ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ ရန်ကုန်မြို့တော် စည်ပင်

သာယာရေးဥပဒေကို ရုပ်သိမ်းတဲ့ ဥပဒေကြမ်းအပေါ် ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တင်ပြတဲ့ အစီရင်ခံစာကို ဖတ်ကြားသွားမှာ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏**
**ရန်ကုန်မြို့တော် စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအပေါ်**
**စိစစ်တင်ပြခြင်းအစီရင်ခံစာ**

စာအမှတ် ၁/အမ(ကော်မတီ-၁)၁/၂၀၁၆-၁၁၁

ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ မေ လ ၁၉ ရက်

၁။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းတဲ့ ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ၂၀၁၆ ခုနှစ်၊ မေလ ၁၉ ရက်နေ့မှာ ဆွေးနွေး ညှိနှိုင်းခဲ့ကြပါသည်။

**လေ့လာတွေ့ရှိချက်**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ဥပဒေကို ရုပ်သိမ်းတဲ့ ဥပဒေကြမ်းကို လေ့လာစိစစ်ရာ မူလဥပဒေကို ၁၉၉၀ ခုနှစ်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေ အမှတ်(၁၁/၁၉၉၀)ဖြင့် ပြဋ္ဌာန်းခဲ့ပြီး ယခုအခါ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံ အခြေခံဥပဒေဇယား (၂)နှင့်အညီ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်က ရန်ကုန်မြို့တော် စည်ပင်သာယာရေးဥပဒေကို ရေးဆွဲပြဋ္ဌာန်းပြီး ဖြစ်ပါသဖြင့် ၎င်းဥပဒေကို ဆက်လက်ပြဋ္ဌာန်းရန် မသင့်ဘဲ ရုပ်သိမ်းသင့်ပါကြောင်း လေ့လာတွေ့ရှိရပါသည်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအပေါ် အသေးစိတ် ညှိနှိုင်းဆွေးနွေးခဲ့ပြီးဖြစ်ပါသဖြင့် အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံ တင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

အားလုံးကိုကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရန်ကုန်မြို့တော်စည်ပင်သာယာရေး ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၂၅။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၀)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက် အဆိုတင်သွင်းလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊

အပိုဒ်ခွဲအလိုက် အသေးစိတ် ဖော်ပြလက်မှတ်ရေးထိုးပြီး ၃၀-၅-၂၀၁၆ (တနင်္လာနေ့) ထက် နောက် မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက လျှပ်စစ်နည်းဥပဒေများကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပေးပို့လာခြင်းအား အမျိုးသားလွှတ်တော်သို့ အသိပေး တင်ပြခြင်း**

**အချိန်၊ ၁၀း၂၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၁)ဖြစ်ပါတယ်။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနက ထုတ်ပြန်သည့် လျှပ်စစ်နည်းဥပဒေကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပေးပို့လာပါတယ်။ ပြည်သူ့လွှတ်တော်က ပေးပို့သော ပြင်ဆင်ချက်များကို အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပေးပို့လာသော လျှပ်စစ် နည်းဥပဒေများကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၂၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၂)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပေးပို့လာသော လျှပ်စစ်နည်းဥပဒေများကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ် ဖော်ပြ လက်မှတ်ရေးထိုးပြီး ၃၀-၅-၂၀၁၆ (တနင်္လာနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေး နည်းဥပဒေများကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပေးပို့လာခြင်းအား အမျိုးသားလွှတ်တော်သို့ အသိပေး တင်ပြခြင်း**

**အချိန်၊ ၁၀း၂၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၃)ဖြစ်ပါတယ်။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ စက်မှုဝန်ကြီးဌာနက ထုတ်ပြန်သည့် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီး ကာကွယ်ရေးနည်းဥပဒေကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပေးပို့လာပါတယ်။ ပြည်သူ့ လွှတ်တော်က ပေးပို့သော ပြင်ဆင်ချက်များကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပေးပို့လာသော ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေး နည်းဥပဒေများကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၂၈။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပေးပို့လာသော ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေး နည်းဥပဒေများကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲ အလိုက် အသေးစိတ် ဖော်ပြလက်မှတ်ရေးထိုးပြီး ၃၀-၅-၂၀၁၆ (တနင်္လာနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၂၉) ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၃၀) ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၀း၂၉။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန် အစည်းအဝေး (၂၉)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၃၀)ရက်မြောက်နေ့ကို ၂၀၁၆ ခုနှစ်၊ မေလ ၂၆ ရက် (ကြာသပတေးနေ့) နံနက် ၁၀း၀၀ အချိန်မှာ ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့ကို ၁၀း၂၉ နာရီအချိန်တွင် ရပ်နားပါသည်။]